


လှမ်းချီ
ရေရှည်တည်တံ့နိုင်မြဲသော
မြို့တော်များဆီသို့

UKaid
ဗြိတိန်ပြည်သူများမှ လှူဒါန်းသည်

# လှမ်းချီအကြောင်း တစေ့တစောင်း

လှမ်းချီပရိုဂရမ်

UKAid မှ ရန်ပုံငွေထောက်ပံ့သည်။

CIG Myanmar မှ ပြင်ဆင်သည် – မတ်လ၊ ၂၀၂၀။

# မြန်မာ့နောက်ခံသမိုင်း – အလွန်လျင်မြန်စွာ တိုးတက်နေသည့် မြို့ပြစနစ်ကို ကြုံတွေ့နေရသည့် ပေါ်ထွန်းစဒီမိုကရေစီ

## မြန်မာနိုင်ငံတွင် မြို့ပြစနစ် လျင်မြန်စွာပြောင်းလဲလာခြင်း

မြို့ကြီးများ၏ လူဦးရေဟာ ၂၀၃၀ ပြည့်နှစ်ကာလများတွင် ၁၈သန်းမှ ၂၇ သန်းထိတိုးတက်သွားမည်ဟု ခန့်မှန်းရပါသည်။

စနစ်တကျစီမံထားသည့် မြို့ကြီးများတွင် ရင်းနှီးမြှုပ်နှံမှုနှင့် အလုပ်အကိုင် အခွင့်အလမ်းများဖန်တီးရန်အတွက် လူ့စွမ်းအားအရင်းအမြစ်များ၊ အတွေးအခေါ်သစ်များနှင့် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများကို အတူတကွဆောင်ကျဉ်းပေးခြင်းအားဖြင့် ကုန်ထုတ်လုပ်မှုစွမ်းအားကို ဖြစ်ပေါ်လာစေပြီး ကြွယ်ဝချမ်းသာမှုကို မြင့်တက်လာစေနိုင်မည့် အလားအလာများရှိနေပါသည်။

မြန်မာ့အိမ်နီးချင်းနိုင်ငံများ၏အတွေ့အကြုံများအရ မြို့ပြစနစ် အကျိုးအမြတ်များ၏ ရလာဒ်များကို မြင်တွေ့နိုင်ပါသည် – ဥပမာ တရုတ်နိုင်ငံတွင် မြို့ပြလူဦးရေ တစ်ရာခိုင်နှုန်းတိုးတိုင်း ပြည်တွင်း အသားတင်ကုန်ထုတ်လုပ်မှု (GDP) ခြောက်ရာခိုင်နှုန်း၊ ဗီယက်နမ်တွင် ရှစ်ရာခိုင်နှုန်းနှင့် ထိုင်းနိုင်ငံတွင် ဆယ်ရာခိုင်နှုန်း စသည်ဖြင့် တိုးတက်ပါသည်။[၁]

သို့ရာတွင် မြန်မာနိုင်ငံရှိ မြို့ကြီးများအနေဖြင့် အောက်ဖော်ပြပါ အချက်များအပါအဝင် စိန်ခေါ်မှုများစွာကို ရင်ဆိုင်နေရပါသည် -

## အခြေခံအဆောက်အအုံပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုနိမ့်ကျခြင်းနှင့် စီမံကိန်းလုပ်ဆောင်မှုအပိုင်းတွင် နှေးကွေးခြင်း။

မကြာသေးခင်ကတွက်ချက်ထားသည့် ခန့်မှန်းချက်များအရ မြန်မာနိုင်ငံအနေဖြင့် ၂၀၄၀ ပြည့်နှစ်တွင် အခြေခံအဆောက်အအုံပိုင်းတွင် အမေရိကန်ဒေါ်လာ ၂၂၄ ဘီလီယံ ရင်းနှီးမြှုပ်နှံမှု လိုအပ်မည်ဟု ခန့်မှန်းရသော်လည်း လက်ရှိတွင် အဆိုပါပမာဏ၏ ထက်ဝက်ခန့်သာ လုပ်ဆောင်နိုင်သေး ကြောင်းခန့်မှန်းရသည်။[၂]

## လုံလောက်သော အစီအစဉ်ချမှတ်မှုများမရှိခြင်း

မြန်မာနိုင်ငံတွင် အစီအစဉ်ချမှတ်မှုများသည် မြို့တော်အစိုးရများ၏ အကန့်အသတ်ပါဝင်မှုနှင့် ပြည်သူများ၏ပါဝင်မှုအနည်းငယ်မျှသာရှိသည့် အထက်မှအောက်သို့ချမှတ်သောစနစ်ဖြင့်သာကျင့်သုံးပါသည်။ လက်တွေ့ချမှတ်သည့်အစီအစဉ်များသည် ပြည်တွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၏ ကုန်ကျစရိတ် အပေါ်တွင်သာ အလေးပေးဆောင်ရွက်ထားခဲ့ပြီး လုပ်ငန်းစဉ်များကို ဘဏ္ဍာရေး စီမံချက်နှင့် ပေါင်းစပ်ဆောင်ရွက်ထားခြင်းမရှိချေ။ စီမံချက်ရှိသည့် နေရာများတွင် အကောင်အထည်ဖော်ဆောင်ရန် အထူးသဖြင့် ဒုတိယတန်းစားမြို့များ (Secondary Cities) တွင် ကန့်သတ်ချက်များ ရှိနေပါသည်။

## ဘဏ္ဍာရေးဆိုင်ရာကန့်သတ်ချက်

မြန်မာနိုင်ငံရှိမြို့ကြီးများသည် ငွေအရင်းအနှီးနှင့် ငွေလည်ပတ်မှုစနစ်နှစ်ခုစလုံးတွင် အခွန်ဘဏ္ဍာအခြေခံမှာ နည်းပါးပါသည်။ စာရင်းအင်း၊ ဘက်ဂျက်ချထားမှုနှင့် အခွန်ကောက်ခံမှုစနစ်များ အားနည်းမှုများက မြို့ပြများ၏ စွမ်းရည်ကို ကျဆင်းစေပါသည်။ ထိုသို့ကျဆင်းမှုသည် မြို့ပြ၏ ရင်းနှီးမြှုပ်နှံမှုများတက်လာစေခြင်း၊ ဘဏ္ဍာရေးဆိုင်ရာ စွမ်းဆောင်ရည်ကို စီမံခန့်ခွဲနိုင်ခြင်းနှင့် အခြေခံအဆောက်အအုံနှင့် ဝန်ဆောင်မှုများအပေါ်တွင် ဘဏ္ဍာရေးဆိုင်ရာထောက်ပံ့ခြင်းတို့ကိုပါ ကျဆင်းစေပါသည်။

## ရာသီဥတုဆိုးဝါးမှုအန္တရာယ်

မြန်မာနိုင်ငံသည် ဆိုးရွားသည့်ရာသီဥတုဖြစ်ရပ်များကို အများဆုံးခံစားနေရသည့် နိုင်ငံများအနက် ထိပ်ဆုံးနိုင်ငံ ၃ နိုင်ငံစာရင်းဝင်ဖြစ်ပါသည်။[၃] ပြည်တွင်းအသားတင် ကုန်ထုတ်လုပ်မှု (GDP) ၂၅ ရာခိုင်နှုန်း ရရှိစေသည့် စီးပွားရေးဗဟိုချက်ဖြစ်သော ရန်ကုန်မြို့သည် အထူးသဖြင့် ရေလွှမ်းမိုးခြင်း၊ မုန်တိုင်းဒဏ်ခံရခြင်းနှင့် ပင်လယ်ရေတက်လာခြင်း စသည့်တို့ကို ခံစားနေရပါသည်။

## ထိရှလွယ်သည့် ပေါ်ထွန်းစ ဒီမိုကရေစီစနစ်

သာတူညီမျှမရှိခြင်း နှင့် တိုးတက်ကြီးပွားမှု၏ အကျိုးအမြတ်များကို အချို့သော ပြည်သူလူထုများ ခံစားခွင့်မရှိခြင်းသည် ပဋိပက္ခများဖြစ်ပွားရန် ဆက်လက်တွန်းအားပေးလျက်ရှိသည်။

ပြည်ထောင်စုအစိုးရမှ ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရများကို အာဏာလွှဲ ပြောင်းမှုသည် ဒီမိုကရေစီစနစ်ကူးပြောင်းမှုအတွက် အရေးပါပါသည်။ သို့ရာတွင်လည်း ပြည်နယ်နှင့်တိုင်းများတွင် ပြောင်းလဲမှုမညီမျှခြင်းများ ရှိနေပြီး စွမ်းဆောင်ရည်ပိုင်းဆိုင်ရာ စိန်ခေါ်မှုများလည်း အထင်အရှား ရှိနေပါသည်။

ထို့အတူပင် မြန်မာနိုင်ငံသည် ဗဟိုစီမံချက်စနစ်မှ ဈေးကွက်ဗဟိုပြု စီးပွားရေးစနစ်ကို ပြောင်းလဲနေသည့်ကာလဖြစ်ပါသည်။ အခြေခံအဆောက်အအုံပိုင်းဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုကွာဟချက်များကို ဖြည့်ဆည်းနိုင်ရန် ပုဂ္ဂလိကကဏ္ဍမှ ပိုမိုပါဝင်ရန်လိုအပ်ပါသည်။

သို့သော် ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်နိုင်ရန် အစိုးရဌာနများအနေဖြင့် ပုဂ္ဂလိကကဏ္ဍနှင့် လက်တွဲလုပ်ဆောင်နိုင်မည့် ကျွမ်းကျင်ပညာရှင်များ နည်းပါးနေပါသည်။

[၁] ကမ္ဘာ့ဘဏ် (၂၀၁၆)၊ "အင်ဒိုနီးရှားနိုင်ငံ၏ မြို့ပြသမိုင်း"
[၂] ကမ္ဘာလုံးဆိုင်ရာ အခြေခံအဆောက်အအုံဗဟိုချက် (၂၀၂၀) "မြန်မာနိုင်ငံအတွက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကြိုတင်ခန့်မှန်းချက်"
[၃] သဘာဝဘေးအန္တရာယ်လျှော့ချမှုအတွက် နိုင်ငံပေါင်းချုပ်ရုံး (၂၀၁၅) "သဘာဝဘေးအန္တရာယ်လျှော့ချမှုနှင့်ပတ်သတ်၍ ကမ္ဘာလုံးဆိုင်ရာ အကဲဖြတ်အစီရင်ခံစာ"

**© လုမ်းချီစီမံကိန်း ၂၀၂၀** မူပိုင်ခွင့်များအားလုံးကို လက်ဝယ်ထားရှိပါသည်။ ရှာဖွေတွေ့ရှိချက်နှင့် နိဂုံးချုပ်သုံးသပ်ချက်အားလုံးသည် လုမ်းချီ အဖွဲ့၏ထင်မြင်ယူဆချက်များသာဖြစ်ပြီး ဗြိတိသျှနှင့် မြန်မာနိုင်ငံ အစိုးရတို့၏ အမြင်များကို ကိုယ်စားပြုခြင်းအလျဉ်းမရှိပါ။

**အသိအမှတ်ပြုခြင်း** – မျက်နှာဖုံးဓါတ်ပုံ၊ မန္တလေးမြို့ကို Christian Stolte မှ ၂၀၁၈ ခုနှစ်ဒီဇင်ဘာလတွင် ရိုက်ကူးသည်။


# လှမ်းချီ – မြန်မာနိုင်ငံ၏ မြို့ပြစနစ်စိန်ခေါ်မှုများအတွက် ဈေးကွက်ဗဟိုပြု ဖြေရှင်းမှုများ

**လှမ်းချီဆိုသည်မှာ မြန်မာဘာသာစကားအရ ရှေ့သို့လှမ်းချီခြင်းဟု ဆိုလိုပြီး UK Aid မှ ထောက်ပံ့ပေးသည့် “ရေရှည်တည်တံ့ခိုင်မြဲသောမြို့တော်များဆီသို့” စီမံကိန်း(Cities and Infrastructure for Growth (CIG) Programme) ၏ အစိတ်အပိုင်းတစ်ခု ဖြစ်ပါသည်။ ဤစီမံကိန်းကို ၂၀၁၈ ခုနှစ်တွင် စတင်အကောင်အထည်ဖော်ခဲ့ပြီး ၂၀၂၃ ခုနှစ်အထိ ကြာမြင့်မည်ဖြစ်သည်။**

မြန်မာနိုင်ငံ၏မြို့ပြစနစ်စိန်ခေါ်မှုများကို လှမ်းချီအနေဖြင့်ဈေးကွက်ဗဟိုပြုဖြေရှင်းမှုများဖြင့် ရှာဖွေသွားမည်ဖြစ်ပြီး အစိုးရဌာနများကို ပြည်ထောင်စုအဆင့်၊ ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့်နှင့် မြို့တော်အဆင့်များထိ လုပ်ဆောင်နိုင်မှုများကို တည်ဆောက်ပေးခြင်းဖြင့် ဒီမိုကရေစီစနစ်နှင့် ဗဟိုမှ အာဏာခွဲပေးရေးလုပ်ငန်းစဉ်များကို ခိုင်မာအောင် လုပ်ဆောင်ပေးသွားမည်ဖြစ်သည်။

အစိုးရ၏လိုအပ်ချက်များကို အကူအညီပေးပြီး မြန်မာနိုင်ငံ၏ ရေရှည်ဖွံ့ဖြိုးတိုးတက်ပြီး ဟန်ချက်ညီသောဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (MSDP) နှင့်လည်း ကိုက်ညီစေရန် ဆောင်ရွက်သွားမည်။

ရည်ရွယ်ချက်မှာ ပြည်သူအားလုံးအတွက် သာတူညီမျှသော စီးပွားရေး တိုးတက်မှုအခွင့်အလမ်းများကို ဖန်တီးပေးနိုင်မည့် စဉ်ဆက်မပြတ်ဖွံ့ ဖြိုးတိုးတက်ပြီး ပြည်သူအားလုံးပါဝင်နိုင်သော ရာသီဥတုဒဏ်ခံနိုင်သည့် မြို့ကြီးများကို အထောက်အကူပေးရန်ဖြစ်ပါသည်။




**လှမ်းချီ မှမျှော်မှန်းထားသည့် ရလဒ်များနှင့် ဖြစ်ပေါ်နိုင်သည့် အကျိုးသက်ရောက်မှုများ**

- အလုပ်အကိုင်အခွင့်အလမ်း ၁၁,၀၀၀ ဖန်တီးခြင်း သို့မဟုတ် လုံခြုံစိတ်ချမှုရှိစေခြင်း
- ဝန်ထမ်းအဝင်အထွက်တိုးတက် ကောင်းမွန်သည့် စီးပွားရေးလုပ်ငန်းပေါင်း ၄၀,၀၀၀
- ယုံကြည်အားထားရသည့် စွမ်းအင်၊ သယ်ယူပို့ဆောင်ရေးနှင့် မြို့ပြဝန်ဆောင်မှုဆိုင်ရာ အခွင့်အလမ်းများ တိုးတက်စေမည့် စီးပွားရေးလုပ်ငန်းပေါင်း ၅၅,၀၀၀
- ရာသီဥတုနှင့် သဘာဝဘေးဒဏ်ခံနိုင်စွမ်းကို တိုးမြှင့်ထားသည့် စီးပွားရေးလုပ်ငန်းပေါင်း ၁၀,၀၀၀
- အခြေခံအဆောက်အအုံများအတွက် ပြည်သူပိုင်နှင့် ပုဂ္ဂလိကဆိုင်ရာ ဘဏ္ဍာငွေပေါင်း ပေါင် ၈၀၀ မီလီယံ

# လှမ်းချီ၏ လက်ရှိ ဆောင်ရွက်မှုများ

### အမျိုးသားစီမံကိန်းများဆိုင်ရာ အချက်အလက်သိုမှီးရာ Project Bank ကို ထောက်ပံ့ခြင်း

Project Bankသည် နိုင်ငံတော်စီးပွားရေးရာပေါင်းစပ်ညှိနှိုင်းရေး ကော်မတီ (NECC) မှ တည်ထောင်ထားခြင်းဖြစ်ပြီး မဟာဗျူဟာ မြောက် စီမံကိန်းများကို ရွေးချယ်ဖော်ထုတ်ခြင်း၊ စစ်ဆေးခြင်း၊ စိစစ်အကဲဖြတ်ခြင်း နှင့် ဦးစားပေးဆောင်ရွက်ခြင်းများဖြင့် မြန်မာနိုင်ငံ၏ ရေရှည်ဖွံ့ဖြိုးတိုးတက်ပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (MSDP) ကို အကောင်အထည် ဖော်ဆောင်နိုင်စေရန် ဖြစ်သည်။

အနိမ့်ဆုံး ပေါင် ၁ ဘီလီယံ ပမာဏရှိသည့် အခြေခံအဆောက်အအုံ ဆိုင်ရာစီမံကိန်းများအတွက် စီးပွားရေးဆိုင်ရာ ငွေကြေး ဖန်တီးနိုင်မှု နှင့် အရည်အသွေးတိုးတက်စေရန်အတွက် လှမ်းချီ အနေဖြင့် Project Bank ကို ထောက်ပံ့ကူညီပေးလျက်ရှိသည်။ ထို့အပြင် အမျိုးသားအဆင့် မဟာဗျူဟာ မြောက် အခြေခံအဆောက်အအုံများ ဖန်တီးရာတွင် တာဝန်ရှိသော အဓိက အစိုးရအဖွဲ့အစည်းများမှ တစ်ဆင့် အခြေခံအဆောက်အအုံဆိုင်ရာ ရုပ်ဝတ္ထုပိုင်းဆိုင်ရာ ဇီဝစက်ဝန်း စီမံခန့်ခွဲမှု ကို ပြုပြင်ပြောင်းလဲရန်အတွက် ကူညီ ပေးလျက်ရှိသည်။

### စွမ်းအင်ဝယ်ယူမှု သဘောတူညီချက်များအတွက် စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်း

လှမ်းချီအနေဖြင့် ပြည်လည်ပြည့်ဖြိုးမြဲစွမ်းအင်စီမံကိန်းများ အတွက် လျှပ်စစ်စွမ်းအင်ဝယ်ယူမှုသဘောတူညီချက်များ (PPAs) ကို ညှိနှိုင်းရန် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန (MoEE) နှင့် စွမ်းဆောင်ရည်ပိုင်း ဆိုင်ရာများကို တည်ဆောက်ပေးနေပြီး မြန်မာနိုင်ငံအတွင်း စီးပွားရေးကဏ္ဍများအတွက် ၃ ဂစ်ဂါဝစ် (3 GW) ထက် ကျော်လွန်သော လျှပ်စစ်ဓါတ်အားကို ထုတ်လွှတ်ပေးနိုင်မည့် စီမံကိန်းများ၌ ရင်းနှီးမြှုပ်နှံမှုများကို လမ်းဖွင့်ပေးရာတွင် အကြံပေးဆောင်ရွက်လျက်ရှိပါသည်။

### ရေရှည်တည်တံ့ခိုင်မြဲသော စက်မှုဇုန်များ

ရန်ကုန်မြို့ရှိစက်မှုဇုန် ၂၆ ခု၏ စီမံခန့်ခွဲမှုများကို ရန်ကုန်တိုင်းအစိုးရ (YRG) သို့ မကြာသေးမီက လွှဲအပ်ထားပြီးဖြစ်ပါသည်။

လှမ်းချီ အနေဖြင့် YRG အား စက်မှုဇုန်များ၏ အပြိုင်အဆိုင်ရှိမှု၊ စဉ်ဆက်မပြတ်ဆောင်ရွက်နိုင်မှုနှင့် အလုပ်လုပ်ရသည့်အခြေ အနေများအားမြှင့်တင်နိုင်ရန် စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီ၏ စွမ်းဆောင်နိုင်မှုကို ခိုင်မာစေရန် အထောက်အကူပေးလျက် ရှိပါသည်။ ထို့အပြင် ထုတ်ကုန်စွမ်းအားမြှင့်တင်နိုင်မည့် အခြေခံ အဆောက်အဦပိုင်းဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများကို ရှာဖွေပေး နိုင်မည့် ၎င်းတို့၏အနာဂတ်ဖွံ့ဖြိုးတိုးတက်မှုအတွက် လမ်းစဉ်တစ်ရပ် ချမှတ်ပေးနိုင်ရန် ဆောင်ရွက်လျက်ရှိပါသည်။

### ဒုတိယတန်းစားမြို့ပြများတွင် မြို့ပြစီမံချက်အားပေါင်းစပ်ခြင်း

လှမ်းချီ အနေဖြင့် စီးပွားရေး၊ သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာကဏ္ဍ များကို ပေါင်းစပ်ပေးနိုင်မည့် ပိုမိုထိရောက်သည့် မဟာဗျူဟာမြောက် မြို့ပြရင်းနှီးမြှုပ်နှံမှု အစီအစဉ်များကို ရှမ်းပြည်နယ်နှင့် ပဲခူးတိုင်းဒေသ ကြီးရှိ ဒုတိယတန်းစားမြို့ပြများတွင် ဖန်တီးဆောင်ရွက်လျက်ရှိပါသည်။ ထို့အတူ စီမံကိန်းဆိုင်ရာ စွမ်းဆောင်ရည်များ၊ လုပ်ငန်းစဉ်၊ မူဝါဒနှင့် စည်းမျဉ်းများကို မြှင့်တင်နိုင်ရန် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန (DUHD) နှင့် ပူးပေါင်းလုပ်ကိုင်လျက်ရှိပါသည်။

### တန်ဖိုးသင့်အိမ်ရာများ

ရန်ကုန်မြို့အနေဖြင့် ၂၀၃၀ ပြည့်နှစ်တွင် အိမ်ယာမလုံလောက်မှုသည် ၁.၃ သန်းထိကြုံတွေ့ရမည်ဖြစ်သည်။ လှမ်းချီအနေဖြင့် တန်ဖိုးသင့် အိမ်ရာများအတွက် အလားအလာရှိသည့်ပုံစံငယ်တစ်ခုကို ကနဦး အိမ်ရာစီမံကိန်းတွင် စမ်းသပ်ဖော်ဆောင်ရန် မြို့ပြနှင့်အိမ်ရာ ဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ တန်ဖိုးသင့် အိမ်ရာဖော်ဆောင်ရေးအတွက် ဘဏ္ဍာရေးဆိုင်ရာများ ရယူသုံးစွဲမှုများတွင် ဖော်ဆောင်သူများအနေဖြင့် ကြုံတွေ့နေရသည့် အခက်အခဲများအတွက် ဖြေရှင်းချက်များကိုလည်း ရှာဖွေသွားမည် ဖြစ်သည်။

### စာရင်းအင်းစနစ်ပြုပြင်ပြောင်းလဲရေးနှင့် အခွန်ဘဏ္ဍာစုဆောင်းခြင်း

လှမ်းချီ အနေဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ (YCDC) အား စာရင်းအင်းစနစ်များတိုးတက်စေရန်နှင့် မြို့ပြ ဝန်ဆောင်မှု ပြဋ္ဌာန်းချက်များအတွက် ပိုမိုတိကျသည့် ဘက်ဂျက်ချမှတ်နိုင်ရန် ထောက်ပံ့ပေးနေပြီး အခွန်ဘဏ္ဍာ စုဆောင်းနိုင်မည့် အရင်းအမြစ် အသစ်များနှင့် နည်းလမ်းများကို ရှာဖွေနိုင်ရန် ဒုတိယတန်းစားမြို့ပြများနှင့်လည်း တွဲဖက် ဆောင်ရွက်လျက်ရှိနေပါသည်။

### ရေရှည်တည်တံ့ခိုင်မြဲသော ရေစီးရေလာကောင်းသည့် ရေနုတ်မြောင်းစနစ်များ

လှမ်းချီအနေဖြင့် မိုးရေတင်ကျန်မှု လျော့ချရန်၊ ရေကြီးမှု လျော့နည်းစေရန် နှင့် ပြင်းထန်သည့် ရာသီဥတုဒဏ်ကို ရန်ကုန်မြို့ရှိ စီးပွားရေးလုပ်ငန်းများ ကြံ့ကြံ့ခံနိုင်ရန်အတွက် သဘာဝ နည်းလမ်းများကိုအသုံးပြုသည့် တီထွင်ဆန်းသစ်သော ရေစီးရေလာကောင်းသည့် ရေနုတ်မြောင်းစနစ်များကို မိတ်ဆက်ပေးလျက်ရှိပါသည်။

**လှမ်းချီစီမံကိန်းနှင့်စပ်လျဉ်း၍ သတင်းအချက်အလက်ပိုမိုသိရှိလိုပါက ကျေးဇူးပြု၍ ကျွန်ုပ်တို့ထံ ဆက်သွယ်ပါ။**

**Email:** info@hlanchi.com

**Facebook:** www.facebook.com/hlanchiprogramme